ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန


ကြံခင်းမြို့နယ်

CDD

လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

ဂဲကြီးကျေးရွာ၊ ရွှေပန်းတောအုပ်စု

၂၀၁၇ ခုနှစ်

ကြံခင်းမြို့နယ်

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ




မြို့နယ်မြေပုံ

## ၂။ ကျေးရွာမြေပုံ တည်နေရာ




<u>ဝဲကြီးကျေးရွာ တည်နေရာ မြေပုံ</u>

၃။ ရွှေပန်းတောအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

(၁) ဂဲကြီးအောက်စု

(၂) ထန်းကုန်း

(၃) မင်းတဲကြီး

(၄) မရမ်းချို

(၅) မုန့်ထုပ်

(၆) ရွာသစ်ကုန်း

(၇) ဂဲကြီး

(၈) ရွှေပန်းတော

# ၄။ ဝဲကြီးကျေးရွာ အခြေခံအချက်အလက်များ

ဧရာဝတီတိုင်းဒေသကြီး ၊ ဟင်္သာတခရိုင် ၊ ကြံခင်းမြို့နယ် ရွှေပန်းတောအုပ်စုတွင် ဝဲကြီးကျေးရွာ တည်ရှိသည်။ ကြံခင်းမြို့၏ အနောက်တောင်ဘက် ၆မိုင်ခန့် အကွာ ကြံခင်း ဘက်ရှိ ကားလမ်းမကြီး၏ တောင်ဘက်ဘေးတွင် တည်ရှိသည်။ အိမ်ခြေ ၈၀ အိမ်ထောင်စု ၊ လူဦးရေ ၃၀၄ ယောက်ရှိသည်။ ရွာ၏ တောင်ဘက်တွင် ဟားတရှည်းချောင်းရှိ၍ ၎င်းချောင်းထဲတွင်ရှိသော ဝဲကို အစွဲပြု၍ ဝဲကြီးရွာဟု အမည်တွင်ခဲ့သည်ဟု သိရှိရသည်။ အနောက်တောင်ဘက် နှင့် ချောင်းကမ်းပါးဘေးတွင် ဝါးတော ၊ ဝါးခြုံများရှိသည်။ အနောက်မြောက်ဘက်တွင် ဘက်ရှိ ကြံခင်း ကားလမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းရှိသည်။ အနောက်ဘက်တွင် ရွှေပန်းတောသို့ သွားသည့်လမ်းရှိသည်။

ဝဲကြီးကျေးရွာ၏ တောင်ဘက် နှင့် ချောင်းကမ်းပါးဘေးတွင် ဝါးတောဝါးခြုံများ ရှိ၍ ဝါးလုပ်ငန်းသည် ဆိုးရွာသီ၏ အဓိက ထွက်ကုန်လုပ်ငန်းဖြစ်သည်။ ဟားတရှည်းချောင်းကို အမှီပြု၍ ကိုင်းကျွန်း လုပ်ငန်းကိုလည်း လုပ်ကိုင်သည်။ အနောက်ဘက်တွင် ဆည်မြောင်းရှိ၍ ရာသီအလိုက် စပါး ၊ မတ်ပဲ ၊ မြေပဲ နှင့် တောင်ယာပဲဆီးများကို စိုက်ပျိုးလုပ်ကိုင်သည်။ ဝါးခမောက်လုပ်ငန်းကို လည်း လုပ်ကိုင်သည်။

ဝဲကြီးကျေးရွာတွင် World Vision အဖွဲ့မှ ကူညီဖွဲ့စည်းသော ငွေစုငွေချေးအဖွဲ့ ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သည့် မြစိမ်းရောင်ကော်မတီအဖွဲ့ ၊ ကျေးရွာတွင်

ကျေးရွာလူမှု ဖွဲ့စည်းထားသော ကျောင်းကော်မတီ၊ အရံမီးသတ်၊ ဂေါပကအဖွဲ့ ၊ ပရိတ်သဘင်အဖွဲ့ ၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေးအဖွဲ့များလည်း ရှိကြသည်။ ကျေးရွာတွင်း၌ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ကြသည်။

ဝဲကြီးရွာ၏ အရှေ့ဘက်တွင် အခြေခံပညာ မူလတန်းကျောင်း ရှိသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်၍ တိုက်ကျောင်းအဆောင်သို့ ဆောက်လုပ်လှူဒါန်းနိုင်ခဲ့သည်။ မူလတန်း အဆင့်အောင်၍ အလယ်တန်း အထက်တန်းပညာရေးကို ချောင်းဦးအလယ်တန်းကျောင်း နှင့် အထက ကြံခင်းကျောင်းတွင် ဆက်လက် သင်ယူလေ့လာကြသည်။ ကျေးရွာသူ ကျေးရွာသားများအတွက် အသိပညာ ဗဟုသုတ တိုးပွားစေသည့် ပညာ့အလင်းရောင်စာကြည့်တိုက်လည်း ရှိပါသည်။

ကျန်းမာရေးအတွက် နီးစပ်ရာ ကျေးရွာ၊ မြို့နယ်ဆေးပေးခန်းနှင့် ဆေးရုံများသို့ သွားရောက်၍ ဆေးကုသမှုကို ခံယူကြသည်။ ဝဲကြီး ကျေးရွာ ဗမာလူမျိုးများသာရှိပြီး ဗုဒ္ဓဘာသာကို သာ ကိုးကွယ်ကြသည်။ ဝဲကြီးရွာထိပ်တွင် ဝဲကြီးကျောင်းတိုက်ရှိ၍ ဥပုသ်သီလဆောက်တည်ကြသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ရှိသည်။


ဝဲကြီးကျေးရွာတွင် သောက်ရေ သုံးရေတို့ကို ချောင်းမှရေကိုသာ အဓိက သုံးစွဲရပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် ရိုးသားခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း ၊ အလှူအတန်းရက်ရောခြင်း၊ ပူးပေါင်းဆောင်တတ်သော ရွာကလေးဖြစ်ပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ | ၁၂.၁၂.၂၀၁၆ | ရပ်မိရပ်ဖ ကော်မတီဝင်များ ရပ်ရွာလူထုများ | ၂၅ | ၄၈ | ၇၃ | -ဒေသတွင်း သဘာဝအရင်းအမြစ်များ<br>-လူမှုအဆောက်အအုံများ<br>-ဘာသာရေး အဆောက်အဦများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် | ၁၂.၁၂.၂၀၁၆ | ကော်မတီဝင် များနှင့် ရပ်ရွာလူထုများ | ၂၅ | ၄၈ | ၇၃ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လ အလိုက်ဝင်ငွေများ၊အလုပ်အကိုင်အ ခွင့်အလမ်းများ၊ပွဲတော်များ၊သဘာဝ ဘေးများ၊လယ်ယာလုပ်ငန်းနှင့် အခြား လုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း | ၁၂.၁၂.၂၀၁၆ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး အလွန်နွမ်းပါးအုပ်စု | ၁၅ | ၂၀ | ၃၅ | -ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြား သတ်မှတ်နိုင်ရေး<br>-အဆင့်အလိုက် အခြေခံစံနှုန်းများ၊ အများသဘောတူ သတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှုစီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ | ၁၂.၁၂.၂၀၁၆ | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊အခြားအဖွဲ့ တွင်ပါဝင်သူများ | ၂၅ | ၄၈ | ၇၃ | -ကျေးရွာတွင်း၊ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ |
| ၅ | ပင့်ကူအိမ်ကွန်ယက် | ၁၂.၁၂.၂၀၁၆ | ကျေးရွာရှိအမျိုးသား များနှင့်အမျိုးသမီး များ | ၂၅ | ၄၈ | ၇၃ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ ပါဝင်မှု အချိုး၊အမျိုးသားနှင့်အမျိုးသမီးတို့ တန်းတူအခွင့်အရေးရရှိမှု သုံးသပ်ချက် |
| ၆ | အရင်းအမြစ်များအ ပေါ်အသုံးချနိုင်မှု လွှမ်းမိုးမှုနှင့်ဆုံးဖြတ် ချက်ချနိုင်မှု | ၁၃.၁၂.၂၀၁၆ | ကျေးရွာအမျိုးသား များနှင့်အမျိုးသမီး များ | ၂၀ | ၃၅ | ၅၅ | -အရင်းအမြစ်များပေါ်တွင်(ကျား/မ)အ သုံးချနိုင်မှု၊ထိန်းချုပ်မှုတွင်မည်သည့်အ ကြောင်းကြောင့်နည်း၊<br>-မည်သို့ညီမျှစွာ ခံစားခွင့်ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ | ၁၃.၁၂.၂၀၁၆ | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | ၂၀ | ၃၅ | ၅၅ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောက်အ ယှက် အတားအဆီး၊အခက်အခဲများ။<br>- လိုအပ်ချက်များ |
| ၈ | ကျေးရွာမျှော်မှန်း ချက်များ | ၁၃.၁၂.၂၀၁၆ | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | ၂၀ | ၃၅ | ၅၅ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေမျှော် မှန်းထားသလဲ။<br>-ဘာကြောင့် မျှော်မှန်းထားသလဲ |
| ၉ | ကျေးရွာဦးစားပေးလုပ် ငန်းများ | ၁၃.၁၂.၂၀၁၆ | ကော်မတီဝင်များ ရပ်ရွာလူထုများနှင့် တက်ရောက်သူအား လုံး။ | ၂၀ | ၃၅ | ၅၅ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၆။ (က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်</u>




လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## ဝဲကြီးကျေးရွာ လူမှုနှင့် သဘာဝအရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဝဲကြီးကျေးရွာ၏ ကျေးရွာတည်ရှိပုံ ၊ လမ်းအနေအထား ၊ သဘာဝ အရင်းအမြစ်များ ၊ အခြေခံ အဆောက်အဦးနှင့် ဝန်ဆောင်မှုများကို ကျေးရွာလူထုကိုယ်တိုင် သိရှိစေရန်နှင့် ထိုအရင်းအမြစ်များကို အသုံးချတတ်စေရန် ဖြစ်သည်။

### အခြေခံအဆောက်အဦး

ဝဲကြီးကျေးရွာသည် လူမှုအရင်းအမြစ်မြေပုံအရ ကျေးရွာတွင် ပညာရေး ၊ ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အဦးများ ရှိသည်ကို တွေ့မြင်သုံးသပ်နိုင်ခဲ့သည်။ အဝီစိတွင်း နှင့် အုတ်ရေတွင်းများ ရှိသည်ကို တွေ့မြင်ခဲ့သော်လည်း သောက်သုံးရေအတွက် ရေကောင်းရေသန့် ရရှိရန် လိုအပ်ကြောင်း သုံးသပ်နိုင်ခဲ့ပါသည်။


### စီးပွားရေး နှင့် အရင်းအမြစ်

ဖားတရှဉ်းချောင်း တဖက်ကမ်းနှင့် ရွာ၏ အနောက်တောင်ဘက်တွင် ဝါးခြံများ ရှိ၍ ဝါးလုပ်ငန်း လုပ်ကြသည်။ တောင်ဘက်တွင် ဖားတရှဉ်းချောင်းနှင့် ရွာပတ်ဝန်းကျင်တွင် လယ်ကွက်များ ရှိ၍ ရာသီအလိုက် စပါး ၊ တောင်ယာ ၊ ထော်ပဲ ၊ ပဲခင်း စိုက်ပျိုးလျက်ရှိကြောင်း သိရပါသည်။

ဝဲကြီးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၅ နှစ်တာ မျှော်မှန်းချက် ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်များ ရွေးချယ်ဖော်ထုတ်ရာတွင် အသေးစိတ်နေရာ အနေအထား ၊ လျာထားမှု ၊ ရွာရှိအရင်းအမြစ်များ လုံလောက်စွာ အသုံးချနိုင်မှု စသည့်အချက်အလက်များကို သိမြင်ဖော် ထုတ်နိုင်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

၆။(ခ) <u>ရာသီခွင်ပြပြက္ခဒိန်နှင့် သုံးသပ်ချက်။</u>




ရာသီခွင်ပြပြက္ခဒိန်

# ရာသီခွင်ပြပြကွက်ဒိုင်သုံးသပ်ချက်

ဇဲကြီးကျေးရွာ၏ ရာသီဥတုအခြေအနေနှင့် ရာသီအလိုက် လုပ်ကိုင်ကြသော အလုပ်အကိုင်နှင့် ဝင်ငွေအခြေအနေ၊ နှစ်စဉ်ကျင်းပ လေ့ရှိသော ပွဲတော်များ၊ ကျန်းမာရေးအခြေအနေ၊ ရာသီပေါ်သီးနှံ၊ သောက်သုံးရေ ရရှိမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ဝင် ရောက်မှုအခြေအနေ စသည်တို့ကို ကျေးရွာလူထုမှ သိသာမြင် သာစွာပေါ်လွင်စေရန်နှင့် စီမံကိန်းမှ ဖွံ့ဖြိုးရေးလုပ်ငန်း များလုပ်ကိုင် ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။

ရာသီဥတုအခြေအနေမှာ တန်ဆောင်မုန်းလမှ ကဆုန်လ ထိနေပူပြီး နယုန်လမှ သီတင်းကျွတ်လအထိ မိုးရွာသွန်းပါသည်။ တစ်နှစ်တာပတ်လုံး ရာသီအလိုက် အလုပ်အကိုင်များရှိကြသည်။ လယ်လုပ်ငန်း၊ မြေပဲ၊ မတ်ပဲနှင့် ခမောက်လုပ်ငန်း များ လုပ်ကိုင်ကြ သည်။ အလုပ်အကိုင်ပေါ်မူတည်၍ ဝင်ငွေ အနည်း အများ ရှိကြ သည်။

ကျန်းမာရေးအခြေအနေမှာ ရာသီအကူးအပြောင်း လများတွင် မျက်စိနာ၊ ဝမ်းပျက်၊ ဝမ်းလျော၊ နှာစေး၊ ချောင်းဆိုး စသည်တို့ ဖြစ်တတ်ကြသည်။

ပွဲတော်များကို တန်ခူး၊ ကဆုန်၊ ဝါဆို၊ သီတင်းကျွတ် နှင့် တန်ဆောင်မုန်းလများတွင် ပုံမှန်ပွဲတော်များ ကျင်းပလေ့ရှိပြီး အခြားထူးခြားသောပွဲတော်များမရှိပါ။


ရာသီပေါ်သီးနှံများမှာ တန်ခူးလတွင် မတ်ပဲ၊ နွှေပါး၊ စသည်တို့ထွက်သည်။ ရာသီပေါ်သီးနှံများကို ရာသီအလိုက်ရောင်း

ဝယ် စားသောက်ကြသည်။

သဘာဝဘေး အန္တရာယ် အခြေအနေအားဖြင့် ဝါဆို ၊ ဝါခေါင် လများတွင် ရေကြီးရေလျှံမှုတို့ ဖြစ်လေ့ရှိသည်ကို တွေ့ရှိရသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## ၆၊(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်



အုပ်စု-ရွှေပန်းတော
ကျေးရွာ-ဝဲကြီး

ဥစ္စာဓန ကြွယ်ဝမှုဇယား

ရက်စွဲ-၁၂.၁၂.၂၀၁၆

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | အိမ်-တိုက်အိမ်၊ လယ်-၁၀ဧက၊ ဝါးခြံ၊ လယ်ထွန်စက်၊ မြက်ဖြတ်စက်၊ သုံးဘီး၊ ဒုန်ဓမ်း၊ ဆိုင်ကယ်၊ စက်ဘီး၊ လက်ဝတ်ရတနာ၊ တီဗီ၊ ဆိုလာပြား၊ ဘွဲ့ရသည်အထိကျောင်းထားနိုင်၊ ဆေးရုံဆေးခန်းများကိုသွားရောက်ပြသနိုင်၊ ငွေချေးစက် | ၁၀ | ၁၁.၁၁ % |
| အသင့်အတင့် အဆင်ပြေသော အုပ်စု | အိမ်-ပျဉ်ထောင်/ပျဉ်ခင်း/သွပ်မိုး၊ လယ်-၃ဧက၊ ဝါးခြံ၊ ဆိုင်ကယ်/စက်ဘီး၊ လက်ဝတ်ရတနာ၊ တီဗီ၊ ဆိုလာပြား၊ ဘွဲ့ရသည်အထိကျောင်းထားနိုင်၊ ဆေးရုံဆေးခန်းများကို သွားရောက်ပြသနိုင်၊ နွား-၂ကောင် | ၂၀ | ၂၂.၂၂ % |
| မပြေလည်သော အုပ်စု | အိမ်-ပျဉ်ခင်း ထရံကာ သွပ်မိုး၊ ဆိုင်ကယ်၊ စက်ဘီး၊ လက်ဝတ်ရတနာ အနည်းအပါးရှိ၊ အလယ်တန်းအောင်အထိကျောင်းထားနိုင်၊ ဆေးရုံဆေးခန်းများကို သွားရောက်မပြသနိုင်၊ ကြက်/ဝက် | ၄၀ | ၄၄.၄၄ % |
| နွမ်းပါးသော အုပ်စု | အိမ်-ဝါးအိမ် ဝါးခင်း သက်ကယ်မိုး၊ စက်ဘီး၊ ကျပန်း၊ မူလတန်းအောင်သည်အထိ ကျောင်းထားနိုင်၊ ဆေးရုံဆေးခန်းများကိုသွားရောက်မပြသနိုင်၊ ကြက်/ဝက် | ၂၀ | ၂၂.၂၂ % |
| ပါဝင်ဆွေးနွေးသူ- | အမျိုးသား-၁၅<br>အမျိုးသမီး-၂၀ | ၉၀ | ၁၀၀% |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

# ဥစ္စာဓနကြွယ်ဝမှုဇယားသုံးသပ်ချက်

ဝဲကြီးကျေးရွာ၏ ဥစ္စာဓန ကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းကို အဆင့်(၄)ဆင့်ဖြင့် သတ်မှတ်ရေးဆွဲခဲ့ကြသည်။ အဆင့် (၁) ချမ်းသာသောအုပ်စု အဆင့် (၂) အသင့်အတင့်အဆင်ပြေသောအုပ်စု၊ အဆင့် (၃) မပြေလည်သောအုပ်စုနှင့် အဆင့် (၄) နွမ်းပါးသောအုပ်စု ဟူ၍ အဆင့် (၄)မျိုးဖြင့်ပြီး တည်ရေးဆွဲခဲ့ကြသည်။

(၁) ချမ်းသာသောအုပ်စုတွင် ပါဝင်သောအိမ်ထောင်စုများသည် အိမ်ခြံ၊ တိုက်အိမ်၊ လယ် ၁၀ဧက၊ ဝါးခြံ၊ လယ်ထွန်စက်၊ မြက်ဖြတ်စက်၊ သုံးဘီး၊ ထွန်ဒေါင်း၊ ဆိုင်ကယ်၊ စက်ဘီး၊ လက်ဝတ်ရတနာ၊ တီဗွီ၊ ဆိုလာပြား စသည်ဖြင့် ကူမှုနှင့် သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ကြပြီး၊ ပညာရေးတွင် ဘွဲ့ရသည်အထိထားနိုင်သည်၊ အိမ်ထောင်စု(၁၀)အိမ်ထောင်စု ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၁.၁၁% ရှိသည်။

(၂) အသင့်အတင့်အဆင်ပြေသော အုပ်စုတွင် သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ လယ် ၃ဧက၊ ဝါးခြံ၊ ဆိုင်ကယ် စက်ဘီး၊ လက်ဝတ်ရတနာ၊ တီဗွီ၊ ဆိုလာပြား စသည်ဖြင့် ကူမှုနှင့် သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ကြပြီး၊ ပညာရေးတွင် ဘွဲ့ရသည်အထိ ကျောင်းထားနိုင်သည်။ အိမ်ထောင်စု (၂၀) အိမ်ထောင်စု ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၂.၂၂% ရှိသည်။

(၃) မပြေလည်သောအုပ်စုသည် သွပ်မိုး၊ ထရံကာ ပျဉ်ခင်း အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ လက်ဝတ်ရတနာ၊ အမှည်း အပါး၊ ကြက်၊ ဝက်တို့ ပိုင်ဆိုင်ကြသည်။ အလယ်တန်းအောင် သည်အထိ ကျောင်းထားပေးနိုင်ကြသည်။ ဆေးရုံဆေးခန်း များကို သွားရောက်မပြသနိုင်(၄၀)အိမ်ထောင်စု ရှိပြီး ၄၄.၄၅% ရှိသည်။

(၄) နွမ်းပါးသောအုပ်စုသည် ဝါးအိမ်၊ ဝါးခင်း၊
သက်ကယ်မိုး အိမ်ပိုင်ဆိုင်ကြပြီး ၊ ကျပန်း လုပ်ငန်းများ လုပ်ကိုင်
ရှာဖွေစားသောက်ကြသည်။ ဆေးရုံဆေးခန်း မသွားနိုင်သော
အခြေအနေ ရှိကြပြီး ၊ အိမ်ထောင်စု (၂၀) ရာခိုင်နှုန်းအား
ဖြင့် ၂၂.၂၂% ရှိသည်။

ဝဲကြီးကျေးရွာ၏ ဥက္ကာရေနံမြေ ပါဝင်မှု ဓမသာ
ရေးဆွဲရာတွင် အမျိုးသား (၁၅) ဦး၊ အမျိုးသမီး (၂၀) ဦး
တို့ တက်ကြွစွာ ပူးပေါင်းပါဝင်ရေးဆွဲခဲ့ကြသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်**




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ အပေါ် သုံးသပ်ချက်


ပဲကြီးကျေးရွာတွင်းရှိ အဖွဲ့အစည်းအသီးသီး နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းအသီးသီး တို့အား သိရှိရန် နှင့် ချိတ်ဆက်ဆောင်ရွက်တတ်စေရန်


=> ကျေးရွာတွင်း အဖွဲ့အစည်းများအဖြစ် အုပ်ချုပ်ရေးအဖွဲ့၊ မြစိမ်းကျောင်းအဖွဲ့၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့၊ ပရဟိတအဖွဲ့၊ လူငယ်အဖွဲ့၊ တကြာခုဒ်တိုက်အဖွဲ့၊ ဂေါပကအဖွဲ့၊ ရတနာကျွဲစငွေစုငွေချေးအဖွဲ့ စသည့်အဖွဲ့တို့အား တွေ့ရှိရပါသည်။ ၎င်း အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

=> အုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ မြစိမ်းကျောင်းအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ World Vision အဖွဲ့အစည်းများသည် မြို့နယ်တို့အား ချိတ်ဆက်ထားပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

<u>၆။( ၄ )ပင့်ကူအိမ်နှင့် သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

# ပင့်ကူအိမ်ပုံ သုံးသပ်ချက်

ဇင်ကြီးကျေးရွာ၏ အမျိုးသား ၊ အမျိုးသမီးတို့၏ ရပ်ကျိုးလူမှုရေးရာ နေထိုင်မှုတွင် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍ ၊ အမျိုးသမီးများ ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့အစည်း အခြေအနေတို့ကို သိသာပေါ်လွင်စေရန်အတွက် ရည်ရွယ်ချက် ရေးဆွဲခြင်းဖြစ်သည်။

ထိန်းချုပ်မှုတွင် အမျိုးသား ၇၀%၊ အမျိုးသမီး ၃၀% ရှိပြီး ထိန်းချုပ်ရေးတွင် အမျိုးသား ၊ အမျိုးသမီးတို့ ကွာခြားမှု ရှိသေးသည်။

အိမ်တွင်းမှုတွင် အမျိုးသား ၂၀% အမျိုးသမီး ၈၀% ရှိပြီး အမျိုးသမီးများသည် ရှေးရိုးအစဉ်အလာ အတိုင်း အိမ်တွင်းမှု ကိစ္စများတွင် အချိန်ကုန်ဆုံးကြသည်

ငွေရှာဖွေနိုင်မှုတွင် အမျိုးသား ၅၀%၊ အမျိုးသမီး ၅၀% ရှိပြီး တူညီစွာ ငွေရှာဖွေနိုင်ကြသည်။ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုတွင် အမျိုးသား၊ အမျိုးသမီး တူညီစွာ ပိုင်ဆိုင်ကြသည်။


ယုံကြည်မှု / လုံခြုံမှုတွင် အမျိုးသား များက ပိုမို ယုံကြည် လုံခြုံမှုရှိပြီး အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသား အမျိုးသမီး တန်းတူအခွင့်အရေး ရရှိကြသည်။

လူမှုရေးကိစ္စ ပူးပေါင်းပါဝင်မှုတွင် အမျိုးသား အမျိုးသမီး တန်းတူ ပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။

ပညာရေးလက်လှမ်းမီမှုတွင် အမျိုးသား ၄၀%၊ အမျိုးသမီး ၆၀% ရှိပြီး ကွာခြားချက် အနည်းငယ်သာ ရှိသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(စ) <u>အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>**




**အရင်းအမြစ်များအပေါ် အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ**

# အရင်းအမြစ်အသုံးပြုမှု ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု


## အပေါ် သုံးသပ်ချက်

ဝဲကြီးကျေးရွာ၏ သဘာဝနှင့် လူမှုအရင်းအမြစ်များ လက်လှမ်းမီမှု အသုံးပြုမှုတို့တွင် အမျိုးသား ၊ အမျိုးသမီး တို့ အသုံးပြုနေမှုများကို ဆွေးနွေးဖော်ထုတ်ပြီး ကွာခြားမှုများကို သိသာစွာ ပေါ်လွင်စေရန်အတွက် ရည်ရွယ်ရေးဆွဲခြင်းဖြစ်သည်။

အမျိုးသားများသည် လယ်ထွန်စက်၊ ခြွေလှေ့စက်၊ မြက်ဖြတ်စက်၊ လှေငယ် ၊ ကျွန်ဒေါင်း ၊ သုံးဘီးနှင့် ရေစုပ်စက် စသည့်တို့ အသုံးပြုကြသည်။ အမျိုးသမီးများသည် ခမောက်၊ အပ်ချုပ်စက် ၊ ကြက်မွေးမြူ ၊ ဝက်မွေးမြူ၊ ရေတွင်း၊ ရေကန်၊ ချောင်းစသော အရင်းအမြစ်များ အသုံးပြုကြသည်။ လယ်ယာ၊ ဝါးခြံ ၊ ကိုင်း ၊ ဓ တောင်ယာ ၊ ဆိုင်ကယ် ၊ နွား ၊ စာကြည့်တိုက်နှင့် ရွာသုံးပစ္စည်း စသည့်များကို အမျိုးသား၊ အမျိုးသမီးတို့အားလုံး လက်လှမ်းမှီအသုံးပြုကြသည်။ အသုံးပြုရာတွင် တန်းတူညီမျှစွာသုံးစွဲကြပြီး ထိန်းချုပ်မှုနှင့်ဆုံးဖြတ်မှုတို့တွင် အမျိုးသားများက ထိန်းချုပ်မှုများသည်ကို သုံးသပ်တွေ့ရသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း။

၆။(ဆ)အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကို သုံးသပ်ချက်



## အခက်အခဲ ၊ ပြဿနာ သုံးသပ်ချက်

အမျိုးသားများမှ တင်ပြသော အခက်အခဲ ပြဿနာများ

- ချောင်းရေ ၊ မြောင်းရေ သောက်သုံးရခြင်းကြောင့် ကျန်းမာရေး အတွက် စိုးရိမ်ရခြင်း ။
- သဘာဝဘေးအန္တရာယ်ကြောင့် လမ်းများပျက်စီးကာ သွားလာရ ခက်ခဲခြင်း ။
- ချောင်းကူး တံတား မရှိသေးသောကြောင့် သွားရေး ၊ လာရေး ခက်ခဲခြင်း ။
- လျှပ်စစ်မီး မရရှိသောကြောင့် စာကျက်ရာတွင် မီးမရှိပါသဖြင့် အခက်အခဲရှိခြင်း ။
- ကျေးရွာဖွံ့ဖြိုးရေး လုပ်ဆောင်ရာတွင် စိတ်ပါဝင်စားမှု အားနည်းခြင်း ။
- ကျေးလက်ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေး လျင်မြန်စွာ ကုသရန် ခက်ခဲခြင်း ။


အမျိုးသမီးများမှ တင်ပြသော အခက်အခဲများ

- လျှပ်စစ်မီး မရသေး၍ ကလေးငယ်များ ပညာရေး နှောင့်နှေး ၊
- အလုပ်အကိုင်ရှားပါး ၊ စည်းလုံးမှု နည်းပါးခြင်း ။
- အသက်မွေးဝမ်းကြောင်း သင်တန်းများ နည်းပါးခြင်း ။
- သဘာဝဘေးအန္တရာယ်ကြောင့် လူနေမှုခက်ခဲခြင်း ။
- ကောင်းမွန်သော ချောင်းကူးတံတား မရှိ၍ သွားလာရခက်ခဲ ။
- ရေတွင်းတူး သော်လည်း ရေချိုမရသော အခက်အခဲ ။
- ရေချို မရ၍ ရေသောက်သုံး ရန် ရှားပါးခြင်း ။

စသည့် အခက်အခဲ ပြဿနာများ ရှိကြသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း။

၆။(ဈ) <u>ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။</u>



# ကျေးရွာမျှော်မှန်းချက် (ဘုံသဘောချက်များ)

**ရွှေပန်းတောအုပ်စု** **ဝါကြီးကျေးရွာ**

ကျေးရွာ၏ မျှော်မှန်းချက်များတွင် အမျိုးသားနှင့် အမျိုးသမီး တူညီသော မျှော်မှန်းချက်များနှင့် မတူညီသော မျှော်မှန်းချက်များ ရှိကြပါသည်။


⇒ အမျိုးသားနှင့် အမျိုးသမီးတို့၏ တူညီသော မျှော်မှန်းချက်များမှာ လျှပ်စစ်မီး ရရှိရန်၊ ချောင်းကူးတံတား ရရှိရန်၊ သေးပေးခန်း ရှိရန် လမ်းများ ကောင်းမွန်စေရန် တို့ ဖြစ်ကြပါသည်။

⇒ အမျိုးသားများမှ ပညာရေး အဆင့်အတန်းမြင့်မားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များပြီး လူနေမှုအဆင့်အတန်း မြင့်မားစေရေး တို့အား မျှော်မှန်းထားကြပါသည်။

⇒ အမျိုးသမီးများသည် တစ်ရွာလုံး ရေပေးနိုင်ရေး အတွက် ရေစုပ်စက်ကြီးများနှင့် ရေပိုက်လိုင်းများ လိုလားကြပါသည်။ တစ်အိမ်တစ်ခုတ် ရေပိုက်လိုင်း ရရှိရန် လည်း မျှော်မှန်းထားကြပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း။

၆။(ဈ) <u>ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သုံးသပ်ချက်။</u>



# ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ

အမျိုးသားများမှ အဆိုပြုသော ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ


- ရေတာ်၊ ရေစက်ရုံ နှင့် ရေပိုက်သွယ်တန်းခြင်း
- လျှပ်စစ်မီး (ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး)
- ရွာတွင်း ချောင်း ကျောက်လမ်း
- ဆေးပေးခန်း
- မွေးမြူရေး

အမျိုးသမီးများမှ အဆိုပြုသော ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ

- ရွာတွင်း ကွန်ကရစ်လမ်း (အပြည့်)
- ရွာတွင်း ချောင်း ကျောက်လမ်း
- ရေစက်ရုံ၊ ရေစက်နှင့် ရေပိုက်သွယ်တန်းခြင်း။
- ဆေးပေးခန်း
- ချောင်းကူးတံတား
- အစည်းအဝေးခန်းမ
- တစ်ပိုင်တစ်နိုင် မွေးမြူရေး
- ရိတ်ခြွေစက်
- ခမောက်ချုပ်စက်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း။

၆။(ည) <u>ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။</u>




ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ

## ကျေးရွာဖွံ့ဖြိုးရေး   ဦးစားပေး လုပ်ငန်း၆ခု ရွေးချယ်ခြင်း

ဝဲကြီး ကျေးရွာ၏ ဦးစားပေးလုပ်ငန်းတို့   မဲရလဒ်များ နှင့် ဦးစားပေးအဆင့် သတ်မှတ်ခဲ့ရာတွင်

- ဦးစားပေး (၁) ရေစက်၊ ရေစက်ရုံနှင့်ရေပိုက်သွယ်တန်းခြင်း
- ဦးစားပေး (၂) ရွာတွင်းချောင်း ကျောက်ကာတမ်း
- ဦးစားပေး (၃) ရွာတွင်းကွန်ကရစ်လမ်း အပြည့်
- ဦးစားပေး (၄) ဆေးပေးခန်း
- ဦးစားပေး (၅) လျှပ်စစ်မီး (ကွန်ကရစ်မီး တိုင်နှင့်မီးကြိုး)
- ဦးစားပေး (၆) အစည်းအဝေးခန်းမ

၎င်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် ပေးခြင်းဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် တစ်ထောင့် တစ်နေရာမှ ပံ့ပိုးပေးနိုင်ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု ၊ _ရွှေယန်းတော                ကျေးရွာ ၊ __ဝဲကြီး___

စတင်ဖွဲ့စည်းသည့်ရက်စွဲ ၊ ၁၂.၁၂.၂၀၁၆

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/အုပ် | ဥက္ကဋ္ဌ | ဦးခင်မောင်ထွန်း | 09.256188963 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ရီရီချို | 09.252620986 | |
| ၃ | ထယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်စွာဦး | 09.261923878 | |
| ၄ | | အဖွဲ့ဝင် | ဒေါ်ဖါဂါ | 09.258129424 | |
| ၅ | | အဖွဲ့ဝင် | ဒေါ်သီတာဝင်း | 09.796776817 | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းစိုး | 09.261035447 | |
| ၇ | | အဖွဲ့ဝင် | ဒေါ်ခင်မိုးသူ | 09.798318667 | |
| ၈ | | အဖွဲ့ဝင် | ဦးသောင်းရွှေ | 09.793612681 | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သန်းရီ | 09.974264966 | |
| ၁၀ | | အဖွဲ့ဝင် | ဦးဝင်းနိုင် | 09.258110702 | |
| ၁၁ | | အဖွဲ့ဝင် | ဦးအောင်ရဲသူ | 09.786823299 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်အေးအေးမြင့် | 09.793614212 | |
| ၁၃ | အငြင်းပွားမှုဖြေရှင်းရေး | အဖွဲ့ဝင် | ဦးဇော်ဝင်းနိုင် | 09.7725272258 | |
| ၁၄ | ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်ခင်လေးဆွေ | 09.736315513 | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန်းဆွေ | 09.253943147 | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ဝတ်ရည်စိုး | 09.979792132 | |

<u>တာဝန်ကျဝန်ထမ်းများ</u>

- လူထုစည်းရုံးရေးမှူး - ဒေါ်အိအိခိုင်
- လက်ထောက်နည်းပညာမှူး - ဒေါ်ခိုင်ပူးဝေကျော်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကျော်သူလင်း (ရာအိမ်မှူး) | ၀၉၇၉၆၇၇၆၈၁၇ | ဒေါ်ဒဲဒဲခိုင် |
| ~~ပြည်နယ်~~/တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် - ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော၊ ကျေးရွာ ဝဲကြီး |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၉၀ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၉၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ ကျား ၃ မ ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၄ ကျား ၁၁ မ ၂၃ | | |
| စစ်ဘေးရှောင် | | | |

| လူဦးရေ | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူမျိုးစု (၁)---ဗမာ | ၁၇၆ | ၁၈၄ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၇၆ | ၁၄ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် ၂၀၁၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---------/မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---မာလာအရုပ်တိုင်-------

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) World Vision

(၂) [illegible]

(၃) လူငယ်အဖွဲ့

(၄) စာကြည့်တိုက်အဖွဲ့

ကျေးရွာခေါင်းဆောင် — အမည် ဦးကျော်သူလင်း (ရာအိမ်မှူး)

လက်မှတ် Kyaw နေ့စွဲ ၁၂.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်အိအိခိုင်

လက်မှတ် [signature] နေ့စွဲ ၁၂.၁၂.၂၀၁၆

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်အိအိခိုင် | | | |
| နေ့စွဲ ၁၂.၁၂.၂၀၁၆ ~ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေဟင်းတော | ကျေးရွာ ဝဲကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၂.၁၂.၂၀၁၆ | ၁၂.၁၂.၂၀၁၆ | ၂၅ | ၄၈ | ၇၃ | - | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၃.၁၂.၂၀၁၆ | ၁၃.၁၂.၂၀၁၆ | ၂၀ | ၃၅ | ၅၅ | - | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃.၁.၁၇ | ၃.၁.၂၀၁၇ | ၁၉ | ၂၁ | ၄၀ | - | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၂.၁၇ | ၁၇.၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၇.၂.၁၇ | ၁၇.၂.၂၀၁၇ | ၈ | ၈ | ၁၆ | - | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၅.၂.၁၇ | ၂၅.၂.၂၀၁၇ | ၁၄ | ၄၉ | ၆၃ | - | - |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၅.၂.၁၇ | ၂၅.၂.၂၀၁၇ | ၁၄ | ၄၉ | ၆၃ | - | - |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၅.၂.၁၇ | ၂၅.၂.၁၇ | ၁၄ | ၄၉ | ၆၃ | - | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၅.၂.၁၇ | ၂၅.၂.၁၇ | ၁၄ | ၄၉ | ၆၃ | - | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၅.၂.၁၇ | ၂၅.၂.၁၇ | ၁၄ | ၄၉ | ၆၃ | - | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၉.၃.၁၇ | ၉.၃.၁၇ | ၅ | ၈ | ၁၃ | - | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၅.၄.၁၇ | ၅.၄.၁၇ | ၁၀ | ၁၅ | ၂၅ | - | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၉.၄.၁၇<br>၂၂.၅.၁၇ | ၉.၄.၁၇<br>၂၂.၅.၁၇ | ၄<br>၃ | ၆<br>၈ | ၁၀<br>၁၁ | -<br>- | -<br>- |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၃.၅.၁၇ | ၂၃.၅.၁၇ | ၈ | ၈ | ၁၆ | - | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၂၃.၅.၁၇ | ၂၃.၅.၁၇ | ၁၈ | ၄၃ | ၆၁ | - | - |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်အိအိခိုင် | |
| နေ့စွဲ ၁၃.၁၂.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ မြို့နယ် ဖျာပုံ | ကျေးရွာအုပ်စု ရွှေပန်းကော် ကျေးရွာ ဝဲကြီး |

**က။** အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ချောင်းရေ၊ မြောင်းရေ သောက်သုံးရခြင်းကြောင့် ကျန်းမာရေး အခက်အခဲရှိခြင်း | ၁ | လျှပ်စစ်မီး မရသေးသောကြောင့် ပညာရေး၊ အလုပ်အကိုင် နှောင့်နှေးခြင်း၊ |
| ၂ | ကျေးလက်ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေး အခက်အခဲရှိခြင်း | ၂ | အလုပ်အကိုင် ရှားပါးခြင်း |
| ၃ | သဘာဝဘေးအန္တရာယ်ကြောင့် လမ်းများ သွားလာရမှုအဆင်မပြေခြင်းနှင့် ဆိုက်ကပ်ရမှု ခက်ခဲခြင်း။ | ၃ | အသက်မွေးဝမ်းကြောင်းနှင့် ပတ်သက်သော သင်တန်းများ နည်းပါးခြင်း |
| ၄ | ချောင်းကူးတံတား မရှိသေးသောကြောင့် သွားလာရေး ခက်ခဲခြင်း | ၄ | သဘာဝဘေးအန္တရာယ်ကြောင့် လူနေမှု ခက်ခဲခြင်း |
| ၅ | လျှပ်စစ်မီး မရရှိသေးသောကြောင့် ပညာရေး၊ အလုပ်အကိုင် နှောင့်နှေးခြင်း | ၅ | ကောင်းမွန်သောချောင်းကူးတံတား မရှိ၍ သွားလာရခက်ခဲခြင်း |
| ၆ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ရာတွင် စိတ်ပါဝင်စားမှု အားနည်းခြင်း | ၆ | ဆေးခန်းမရှိသောကြောင့် ဆေးဝါးကုသရန် ခက်ခဲခြင်း |
| ၇ | | ၇ | ရေတွင်းတူးသော် ရေငံထွက်သောကြောင့် ရေချိုမရရှိ သောက်သုံးရေ ရှားပါးခြင်း၊ |

**ခ။** မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ချောင်းကူးတံတား ရရှိချင်တယ်။ | ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချင်ပါသည်။ |
| ၂ | ကျေးလက်ဆေးပေးခန်း ရရှိချင်တယ်၊ | ၂ | တစ်ရွာလုံး လျှပ်စစ်မီး လင်းစေချင်ပါသည်။ |
| ၃ | ရေကောင်းရေသန့် ရရှိချင်တယ်။ | ၃ | တစ်ရွာလုံး ရေပေးနိုင်ရန် ရေလှောင်ကန်ကြီးနှင့် ရေပိုက်လိုင်း လိုချင်ပါသည်။ |
| ၄ | လျှပ်စစ်မီး ရရှိချင်တယ်။ | ၄ | ချောင်းကူးတံတားကြီး ရှိစေချင်ပါသည်၊ |
| ၅ | လမ်းများ ကောင်းမွန်စေချင်တယ်။ | ၅ | ဆေးပေးခန်း [illegible] ရှိစေချင်ပါသည်၊ |
| ၆ | ပညာရေးအဆင့်အတန်း မြင့်မားချင်တယ်။ | ၆ | တစ်အိမ်တစ်ရေပိုက်လိုင်း လိုချင်ပါသည်။ |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းပေါ်များပြီး လူနေမှုအဆင့် မြင့်မားစေချင်တယ်။ | ၇ | |

ဂ၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေစက်၊ ရေစက်ရုံနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်း | အမျိုးသား + အမျိုးသမီး ၂၆ ၅၀ | | ၃၆၀ |
| ၂ | ရွာတွင်း ချောင်း ကျောက်ကာဆည် | အမျိုးသား + အမျိုးသမီး ၁၂ ၁၇ | | ၃၆၀ |
| ၃ | ရွာတွင်း ကွန်ကရစ်လမ်း (အပြည့်) | အမျိုးသား + အမျိုးသမီး ၁၁ ၁၆ | | ၃၆၀ |
| ၄ | ကျေးရွာ ဆေးပေးခန်း | အမျိုးသား + အမျိုးသမီး ၂ ၁၃ | | ၃၆၀ |
| ၅ | လျှပ်စစ်မီး (ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး) | အမျိုးသား + အမျိုးသမီး ၃ ၃ | | ၃၆၀ |
| ၆ | အစည်းအဝေး ခန်းမ | အမျိုးသား + အမျိုးသမီး ၂ ၄ | | ၃၆၀ |
| ၇ | | | | |
| ၈ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မွေးမြူရေး လုပ်ငန်း | အမျိုးသား+အမျိုးသမီး | |
| ၂ | ရိုက်ခြွေစက် | အမျိုးသမီး | |
| ၃ | အထောက်ချုပ်စက် | အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးခင်မောင်ထွန်း လက်မှတ် [signature] နေ့စွဲ ၁၃.၁၂.၂၀၁၆

ဒေါ်ရီရီချို Che ၁၃.၁၂.၂၀၁၆

ပုံစံPC-၄ကျေးရွာ ခွဲခြေးချယ်ခြင်းပုံစံ

| | |
|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | [illegible] ဒေါ်နိုင်မူ ဝေကျော် |
| နေ့စွဲ ၃.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း- ရော၀တီ / မြို့နယ်- [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | [illegible] | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ရွှေပန်းတော | လမ်းတာ[illegible] တင်၍ ရွာချင်း ဆက်ကွန်[illegible] လမ်း | ၂×၉၅၀'×၂'×၆" ၁၁၀၀'×၈'×၆" | ၃၆၆၉ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၇၅သိန်း | | | — | ၇၅သိန်း |
| ဝဲကြီး | ရေစက်၊ရေစက်ရှ ရေပိုက်သွယ်တန်း ခြင်း | ၆'×၅'×၄'၆" ၃၀၀၀' | ၃၆၀၀ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၄၀သိန်း | | | — | ၄၀သိန်း |
| မရမ်းချို | ရွာချင်းဆက်ကွန် ကရစ်တီးလမ်း ငါးကြီးအကောက် | ၂×၁၂၀၀'×၂'×၆" | ၂၁၆၄ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၇၀သိန်း | — | | — | ၇၀သိန်း |
| | | | | □အမျိုးသား | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဝါကြီးအောက်ရ | ရွာဝင်း ချောင်းကျောက်လှမ်း | ၁၄၀၀'×၁၀'×၆' | ၁၁၁ဦး | ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | <၁၅> သိန်း | — | — | ၃၅သိန်း |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီဥက္ကဋ္ဌ အမည် ဦးသိန်းဝင်း ဇေါ်သင်းသစ်ကြာ

လက်မှတ် ______ ရက်စွဲ ၁၇ . ၁ . ၂၀၁၂

# အစည်းအဝေးမှတ်တမ်း

လူထုဖဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )

ကျေးရွာအုပ်စု - ရွှေပန်းတော

ကျေးရွာ - ဝဲကြီး

ပထမအကြိမ်ကျေးရွာအစည်းအဝေး

ရက်စွဲ- ၁၂.၁၂.၂၀၁၆

ဝဲကြီးကျေးရွာ ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၁၂.၁၂.၁၆)ရက်နေ့တွင် ရွာဦး ဘုန်း တော်ကြီးကျောင်း၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင်စတင် ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှမိတ်ဆက်၍ လူထုစည်းရုံးမှုးမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာ့ဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥတ္တုရာသီအလိုက်ပြက္ခဒိန်/ခနေအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

ဒေါ်ခင်ခင်ဦး

**လူထုစည်းရုံးရေးမှုး**

ရွှေပန်းတော အုပ်စု၊

# အစည်းအဝေးမှတ်တမ်း

လူထုဖဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း)

ကျေးရွာအုပ်စု - ရှေပန်းတော

ကျေးရွာ - ဝဲကြီး

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

ရက်စွဲ - ၁၃.၁၂.၂၀၁၆

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို( ၁၃.၁၂.၁၆ )ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL )များအား ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီးတစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၄င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၄င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဒေါ်အိအိခိုင်

လူထုစည်းရုံးရေးမှူး

ရှေပန်းတောအုပ်စု၊

ရှေ့ပန်းတောစည်ပိုင်စု ဝဲကြီးကျေးရွာ

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရေစက်၊ ရေစက်ရုံနှင့်ရေပိုက်သွယ်တန်းခြင်း | ကျား / မ | ၂၀၁၇ | လူထုမှပံ့ပိုးပြု | |
| | ၂ | ရွာတွင်းချောင်းကျောက်လမ်း | ကျား / မ | ၂၀၁၈ | 〃 | |
| | ၃ | ရွာတွင်းကွန်ကရစ်လမ်း (ဆက်ပြုရန်) | ကျား / မ | ၂၀၁၈ | 〃 | |
| | ၄ | ကျေးရွာခေါင်းပေးခန်း | ကျား / မ | ၂၀၁၉ | 〃 | |
| | ၅ | ဘာသာဦးအာဝေးစခန်းမ | ကျား / မ | ၂၀၁၉ | 〃 | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | မွေးမြူရေးလုပ်ငန်း | ကျား / မ | – | – | မွေးမြူရေးဌာန |
| | ၂ | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | | | | | | |
| ပညာရေး | | | | | | |
| အခြား | ၁ | လျှပ်စစ်မီး (ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး) | ကျား / မ | ၂၀၁၉ | လူထုမှပံ့ပိုးပြု | EPC |
| | ၂ | ကိုက်ခြေစက် | မ | – | – | စက်မှုလယ်ယာ |
| | ၃ | ခမောက်ချုပ်စက် | မ | – | – | ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ |